အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

ယကနံ–ကုမုဒြာ ကြာနီပွင့်ဖတ် ကြောရပ်သဘွယ် ဇဥ္စငယ် နီလျက် ကသစ်ရွက်သို့ အစဘက် တဖုံ ဖျားအစုံ ဖြင့် ရင်ခုံလယ်ဗွေ ယာမှာနေသော အသဲလွှာသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

ကိလောမကံ–အဝတ်လွှာဖြူ ပမာတူသို့ နှလုံးအညှိုကို ဖုံးဆို့၍ တည် တလီအသား အရေကြား၌ အသားယှက်ထွေး ၂-မျိုးသော အမြှေးသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင် ရှားရှိပါသည်တကား။

---

ပဒုမ္မာကြာငုံသဏ္ဍာန် ရှိ၏၊ အပြင်ဘက်၌ ချော၍ အတွင်း ဘက်၌ ခဝဲသီး(တနည်း-သပွတ်သီး)အတွင်းသားနှင့် တူ၏၊ ဉာဏ်ပညာရှိသူများ၏ နှလုံးသားသည် အနည်းငယ် ပွင့်၍ ဉာဏ်ပညာ နုံ့သူတို့၏ နှလုံးသားကား အငုံအတိုင်းပင်ဖြစ်၏၊ ထိုအငုံအတွင်းဝယ် တွင်းငယ်တခု ရှိ၏၊ ထိုတွင်းငယ်၌ တလက်ခုပ်၏ တဝက်လောက် သွေးများ တည်ရှိလေသည်၊ ထိုနှလုံးသားသည် သားမြွတ် ၂-ခု၏ အလယ်၌ တည်ရှိသတတ်။

**အသဲ။** ။ဤ အသည်း(အသဲ)ဟူသည် အသားလွှာ တမျိုး တည်း၊ ကုမုဒြာကြာနီပွင့်ဖတ်၏ ကျောပြင်ကဲ့သို့ အဆင်း နီဖြော့ဖြော့ရှိ၏၊ ပုံသဏ္ဍာန်အားဖြင့် ကသစ်ရွက်ကဲ့သို့